# E-NEWSLETTER

VOL.3, N0.5

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

MAY 2024







မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်မှ အသိပညာဆွေးနွေးဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။

## “အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ (International Human Rights Treaties And Domestic Laws)” ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေး ဟောပြောပွဲ ကျင်းပပြုလုပ်

ဧပြီလ ၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ “အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ (International Human Rights Treaties And Domestic Laws)” ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေး ဟောပြောပွဲကို ၃-၄-၂၀၂၄ ရက်နေ့၊ နေ့လယ် ၁၃:၀၀ နာရီ အချိန်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။


အသိပညာပေး ဆွေးနွေးဟောပြောပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးမည့် ခေါင်းစဉ်သည် လူ့အခွင့်အရေးကို မြှင့်တင်ပညာပေးမှုနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် အထောက်အပံ့ဖြစ်စေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ၏ ဆက်နွယ်ဖြစ်ပေါ်မှုကို သိရှိထားရန် အရေးကြီးပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းကြီးသည် မျက်မှောက်ခေတ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီးများ၏ မြစ်ဖျားခံရာဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည်

## သတင်းအညွှန်း



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၂/၂၀၂၄)


စာ ၃

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ကော်မရှင် ပါဝင်တက်ရောက်ခြင်း


စာ ၄




ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့် မအူပင်မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် မအူပင်ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း


စာ ၆




ကော်မရှင်မှ မြိတ်မြို့ရှိ ကျောက်ဖြူတောင်/နတ်စင်ကုန်းကုန်ထုတ်စခန်း၊ မြိတ်အကျဉ်းထောင်၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း


စာ ၈





လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာကာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ယင်းနှစ်မှာပင် ပါဝင် အတည်ပြုပေးခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ယင်းကြေညာစာတမ်းပါ အခွင့်အရေးများကို နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက်ပိုင်းတွင် စည်းနှောင်အားရှိသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်ကြီးများ ရေးဆွဲခဲ့ကြရာ ယခုအခါ အဓိကကျသော စာချုပ်ကြီး (၉) ရပ် ရှိလာပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓိက စာချုပ်ကြီး (၄) ခုနှင့် နောက်ဆက်တွဲစာချုပ် (၂) ခုတို့တွင် ပါဝင်ထားကြောင်း၊ လိုက်လျောညီထွေသည့် ပြည်တွင်းဥပဒေများကိုလည်း ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များကို ပါဝင်အတည်ပြုရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်လုံခြုံရေး၊ ပကတိအခြေအနေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ စသည်များကို နိုင်ငံတော်အနေဖြင့် ထည့်သွင်း သုံးသပ် ဆောင်ရွက်ရကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များအပိုင်းသာမက ပြည်တွင်းဥပဒေများတွင်ပါ အခွင့်အရေးနှင့် နစ်နာမှုများကို ကုစားသည့်နည်းလမ်းများ ပါဝင်လေ့ရှိကြောင်း၊ ယနေ့ပြုလုပ်သည့် အသိပညာပေးဆွေးနွေးပွဲသည် အဆိုပါဗဟုသုတများသာမက ကော်မရှင်အနေဖြင့် ဆောင်ရွက်သွားသင့်သည့် အစီအမံများအတွက် အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်းပြောကြားပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ဒေါက်တာမြင့်သူမြိုင်တို့က “အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ (International Human Rights Treaties And Domestic Laws)” ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များပါ အထွေထွေပြဋ္ဌာန်းချက်များ၊ နစ်နာဆုံးရှုံးမှုများအတွက် ကုစားနိုင်သော ဖော်ပြချက်များ၊ ပြည်တွင်းဥပဒေများတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ ကုစားခွင့်ပေးထားပုံများ၊ တရားမျှတမှုနှင့် သာတူညီမျှမှုကို ဦးတည်ဆောင်ရွက်ချက်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ခွင့်၊ ကုစားခွင့်ပေးထားပုံများ၊ အခြားသော ပြည်တွင်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်၊ ကုစားမှု ပေးထားပုံများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ဒေါက်တာမြင့်သူမြိုင်တို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ကြပြီး ၁၅:၂၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်(၂/၂၀၂၄)

ဧပြီလ ၁၇ ရက်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယဖြစ်သော ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်) နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂၉/၂၀၂၄) ဖြင့် သတ်မှတ်ထားသော ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာ ခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃၀/၂၀၂၄) ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ ၃၃၀၃ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုကာ လူသားချင်းစာနာ ထောက်ထားမှုကို အလေးထားလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၃၁/၂၀၂၄) ဖြင့် အကျဉ်းထောင်/ အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံခြားသား အကျဉ်းသား/သူ ၈ ဦးနှင့် အမိန့်အမှတ် (၃၂/၂၀၂၄) ဖြင့် အင်ဒိုနီးရှား နိုင်ငံသား ၁၃ ဦး၊ သီရိလင်္ကာနိုင်ငံသား ၁၅ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

ဤသို့ လုပ်ဆောင်ချက်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ဆောင်ရွက်ချက်ဖြစ်သည့်အပြင် လူမှုရေးအရ ငဲ့ညှာထောက်ထားရာ ရောက်ပါသည်။ ပြစ်ဒဏ်သက်သာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြမည်ဖြစ်ပေရာ အခြေခံလူ့အဖွဲ့အစည်းဖြစ်သော မိသားစုကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ပေးရာလည်းရောက်ပါသည်။ ယင်းတို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍများတွင် ကျရာနေရာမှ ပါဝင်နိုင်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့်ပြုခြင်းသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံအချင်းချင်း နားလည်မှုကို တည်ဆောက်ကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်သည်ဟု ရှုမြင်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် သက်ဆိုင်သည့် မိသားစုဝင်များနှင့် ထပ်တူဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်းနှင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

---

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် စားသုံးဆီနှင့် ဆန်အိတ်များရောင်းချ ပေးခြင်း

ဧပြီလ ၄ ရက်





ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် စားသုံးဆီ ၁၇၄ ပိဿာအား တစ်ပိဿာလျှင် ၅၅၀၀ိ/-ကျပ်နှုန်းဖြင့် ၂-၄-၂၀၂၄ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်

(MRF) မှ ဆန်အိတ် ပေါ်ဆန်း ၆၇ အိတ် (၅ ပြည်ဝင်တစ်အိတ်လျှင် ၂၅၀၀၀ိ/- ကျပ်နှုန်း) နှင့် ညှော်မထ ၈၅ အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၁၅၀၀၀ိ/- ကျပ်နှုန်း) တို့အား ဝယ်ယူ၍ ကော်မရှင်ရုံးဝန်ထမ်းများသို့ ၄-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ပြန်လည်ရောင်းချပေးခဲ့ပါသည်။


## ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၄) ကျင်းပခြင်း


ဧပြီလ ၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) ကို ၄-၄-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်ခြင်း




ဧပြီလ ၄ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ၃-၄-၂၀၂၄ ရက်နေ့မှ ၄-၄-၂၀၂၄ ရက်နေ့အထိ တီမောလက်စ်တေနိုင်ငံ၊ ဒီလီမြို့၌ Hybrid format ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက video conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ ၂၀ ကြိမ်မြောက် နှစ်ပတ်လည်

အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ ညှင်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးကိစ္စရပ်များနှင့် ASEAN Declaration on Environmental Rights (မူကြမ်း) ရေးဆွဲမှုကိစ္စရပ်တို့အတွက် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် SEANF နှင့် AICHR အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တီမောလက်စ်တေနိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်ကြသော Centro Nacional Chega! (CNC) နှင့် Asia Justice and Rights (AJAR) တို့က လူပျောက်ဆုံးမှုနှင့် ကလေးသူငယ်များအား ခိုးယူမှုဆိုင်ရာကိစ္စရပ်များ၊ တီမောလက်စ်တေနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ Statelessness people နှင့် Trafficking in Person ကိစ္စတို့နှင့် စပ်လျဉ်း၍ နယ်စပ် ဖြတ်ကျော်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ အကျဉ်းသားများနှင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျ အကျဉ်းသားများအား မိခင်နိုင်ငံသို့ လွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များ၊ Digital Rights နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ စုံစမ်းစစ်ဆေးရေးယန္တရား တည်ထောင်ရေးကိစ္စရပ်များ၊ သက်ကြီးရွယ်အိုဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့အစည်းအဝေး (OEWGA) ၏ (၁၄) ကြိမ်မြောက် ဆွေးနွေးပွဲ၌ ပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များ စသည်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဖိုရမ်၏ ၂၀ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင် အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်ထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့သည်။

ဖိုရမ်၏ ဒုတိယအကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသွားရန်နှင့် ဖိုရမ်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်သွားရန် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် သဘောတူညီခဲ့ပါသည်။

## (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် (Logo) ပြိုင်ပွဲတွင် ဒုတိယဆုရ တံဆိပ် (Logo)



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID ကတ်များ လာရောက်ပြုလုပ် ဆောင်ရွက်ပေးခြင်း



ဧပြီလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် e-ID ကတ်များ စာရင်းသွင်း ဆောင်ရွက်ပေးမှုများအား ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စီမံညွှန်ကြားပေးမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ဦးစီးမှူးရုံး၊ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ၈-၄-၂၀၂၄ ရက်နေ့နှင့် ၉-၄-၂၀၂၄ ရက်နေ့များတွင် ကော်မရှင်ရုံးသို့ လာရောက်ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့် မအူပင်မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် မအူပင်ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဧပြီလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၉-၄-၂၀၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ရှိ မြို့မရဲစခန်း အချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် မအူပင်ဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရဲစခန်းအချုပ်ခန်းနှင့်တရားရုံးအချုပ်ခန်းတို့အားဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှင်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင်အမှုရင်ဆိုင်ရန် ရုံးထုတ်အချိန်အတွင်း စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မအူပင်ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူ အပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

---

## ၁၃၈၆ ခုနှစ်၊ မြန်မာနှစ်သစ်ကူးအကြို အခမ်းအနားကျင်းပပြုလုပ်





ဧပြီလ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြန်မာနှစ်သစ်ကူးအကြို အခမ်းအနားအား ၁၂-၄-၂၀၂၄ ရက်နေ့၊ ၁၅:၃၀ နာရီအချိန် ကော်မရှင်ရုံး၊ အဆောက်အဦ အမှတ် (၁) ရှေ့ လေဟာပြင်တွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဇနီး ဒေါ်ခင်မီမီဝင်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး အရာထမ်း/အမှုထမ်းများက ပျော်ရွှင်စွာ ရေပတ်ကစားခြင်း၊ ဌာနများမှ ညှော်ခံသည့်စတုဒိသာမုန့်များ အတူတကွ သုံးဆောင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

---

## ၁၃၈၆ ခုနှစ် မြန်မာ့နှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ ကျင်းပခြင်း




ဧပြီလ ၁၇ ရက်

၁၃၈၆ခုနှစ်မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲအား ၁၇-၄-၂၀၂၄ ရက်နေ့ ၁၆:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်မှ ဆရာတော် (၃) ပါးကို ပင့်ဖိတ်၍ ပရိတ်တရားတော်နာယူပွဲ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

## “လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် လုပ်ငန်းခွင် သာယာရေး” ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေး ဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း










ဧပြီလ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ “လုပ်ငန်းခွင်အတွင်းစိတ်ဖိစီးမှုလျှော့ချရေးနှင့် လုပ်ငန်းခွင် သာယာရေး” ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေး ဟောပြောပွဲကို ၂၃-၄-၂၀၂၄ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေး ဆွေးနွေး ဟောပြောပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် မကြာသေးခင်အချိန်က ကျန်းမာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဟောပြောမှုများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် လူ့အခွင့်အရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆက်စပ်မှု၊ အသက်ရှင်သန်ခွင့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အရေးကြီးပုံတို့ကို ထည့်သွင်းဟောပြောခဲ့ပါကြောင်း၊ ယနေ့ဟောပြောပွဲတွင် လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် ထိန်းသိမ်းခြင်းများကို မည်သို့ဆောင်ရွက်ရမည်ကို လေ့လာခွင့်ရကြပြီး ကော်မရှင်၏ အဓိကလုပ်ငန်းကြီး (၂) ရပ်ဖြစ်သည့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းကဏ္ဍများတွင် ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်သွားရန် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ဟောပြောဆွေးနွေးမည့် အကြောင်းအရာများသည် လူတိုင်းသိရှိထားသင့်သော အရေးကြီးသည့် ခေါင်းစဉ် ဖြစ်ခြင်းကြောင့် တက်ရောက်လာကြသည့် ဝန်ထမ်းများမှ သေချာစွာ မှတ်သားလေ့လာသွားရန် တိုက်တွန်းလိုကြောင်း ပြောကြားပါသည်။

ထို့နောက် ရန်ကုန်သူနာပြုတက္ကသိုလ်မှ ကထိက ဒေါ်အိအိဆွေက “လုပ်ငန်းခွင်အတွင်းစိတ်ဖိစီးမှုလျှော့ချရေးနှင့် လုပ်ငန်းခွင် သာယာရေး” ခေါင်းစဉ်ဖြင့် ကျန်းမာရေးအကြောင်းအဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ စိတ်ကျန်းမာရေးအကြောင်း သိကောင်းစရာများ၊ လုပ်ငန်းခွင်အတွင်း စိတ်

ဖိစီးမှုဖြစ်ရသည့်အကြောင်းအရာများ၊ စိတ်ဖိစီးမှုများတိုင်းတာခြင်း၊ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရာတွင် ဆောင်ရွက်ရမည့် အပြုအမူများနှင့်နည်းလမ်းများ စသည့်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး စိတ်ဖိစီးမှု လျှော့ချရေး လက်တွေ့သရုပ်ပြမှုများကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် အရာထမ်း/အမှုထမ်း များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဟောပြောပွဲကို ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ စုစုပေါင်း ၇၆ ဦး တက်ရောက်ခဲ့ကြပြီး ဆွေးနွေးဟောပြောပွဲအား ၁၁:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြိတ်မြို့ရှိ ကျောက်ဖြူတောင်/နတ်စင်ကုန်းကုန်ထုတ်စခန်း၊ မြိတ်အကျဉ်းထောင်၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း





ဧပြီလ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ရှိ ကျောက်ဖြူတောင်/နတ်စင်ကုန်း ကုန်ထုတ်စခန်းကို ၂၂-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မြိတ်အကျဉ်း ထောင်နှင့် အမျိုးသမီးသက်မွေး အတတ်ပညာသင် ကျောင်းတို့ကို ၂၃-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မြို့မရဲစခန်းအချုပ်ခန်းနှင့် ခရိုင်/ မြို့နယ်တရားရုံးအချုပ် ခန်းများကို ၂၄-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ ကျောက်ဖြူတောင်/ နတ်စင်ကုန်း ကုန်ထုတ်စခန်းနှင့် မြိတ်အကျဉ်းထောင်တို့အား ကြည့်ရှု စစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ် သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ် သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေ နှင့်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့်တွေ့ဆုံခွင့် ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှု အခြေအနေ၊ စာရိတ္တပြုပြင်ပြောင်းလဲ ပေးမှုအခြေအနေ၊ စာကြည့်တိုက်သုံးစွဲမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင် ရွက်ထားရှိမှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင် စွာ ရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိမှု အခြေအနေ၊ ညဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု အခြေ အနေ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်/ နတ်စင်ကုန်း ကုန်ထုတ်စခန်းတို့အား ဝင်ရောက် ကြည့်ရှု စစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ် သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊

အတွင်း/ အပြင် မိလ္လာများသန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်များကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းကို ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းတွင် အမျိုးသမီးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစု စောင့်ရှောက်ပေးမှု အခြေအနေနှင့် အတန်းပညာသင်ယူခွင့် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ လေ့ကျင့်သင်ကြား ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြို့မရဲစခန်း အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း တိုင်တန်းချက် (၁၂) စောင်၊ မတ်လ တိုင်တန်းချက်လက်ကျန် (၃) စောင်၊ စုစုပေါင်းတိုင်တန်းချက် (၁၅) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ်ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၅) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၉) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိပြီး၊ တိုင်တန်းချက် (၁) စောင်ကို အမှုပိတ်သိမ်းခဲ့ပါသည်။ ဧပြီလတွင် တိုင်တန်းချက် လက်ကျန်မရှိပါ။

## နိုင်ငံပိုင်သတင်းစာများတွင် သတင်းဖော်ပြနိုင်ရေး ဆောင်ရွက်

ဧပြီလ ၂၄ ရက်

လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး ဌာနသည် ၁၇-၄-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် အမှတ်(၂၉/၂၀၂၄)၊(၃၀/၂၀၂၄)၊ (၃၁/၂၀၂၄)၊ (၃၂/၂၀၂၄) တို့နှင့်စပ်လျဉ်းသည့်ကော်မရှင်၏သတင်းထုတ်ပြန်ချက် (၁) စောင်ကိုလည်းကောင်း၊ ၃-၄-၂၀၂၄ ရက်နေ့တွင် "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၃-၄-၂၀၂၄ ရက်နေ့တွင် "လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှု လျှော့ချရေးနှင့် လုပ်ငန်းခွင်သာယာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာမျှဝေ ဆွေးနွေးဟောပြောမှု သတင်းများနှင့် ၉-၄-၂၀၂၄ ရက်နေ့၊ ၂၂-၄-၂၀၂၄ ရက်နေ့၊ ၂၃-၄-၂၀၂၄ ရက်နေ့၊ ၂၄-၄-၂၀၂၄ ရက်နေ့တို့တွင် မအူပင်မြို့နယ်နှင့် မြိတ်မြို့နယ်တို့ရှိ အကျဉ်းထောင်၊ ကုန်ထုတ်စခန်း၊ ရဲစခန်း အချုပ်ခန်းများ၊ တရားရုံး အချုပ်ခန်းများ၊ ဘိုးဘွားရိပ်သာနှင့် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် သတင်းများအား နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

---

## တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း

ဧပြီလ ၂၄ ရက်

ဥပဒေရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၄-၄-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် **"တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး"** သို့ ဒေါ်ဖြိုးသီရိဝင်း၊ ညွှန်ကြားရေးမှူး တက်ရောက်ခဲ့ပါသည်။

---

## ကော်မရှင်ပုံမှန်အစည်းအဝေး (၄/၂၀၂၄) ကျင်းပခြင်း

ဧပြီလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) ကို ၂၆-၄-၂၀၂၄ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြခဲ့ပြီး စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆောင်ရွက်ရန် ကျန်ရှိသောလုပ်ငန်းများအား တင်ပြဆွေးနွေးခဲ့ကြပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းရေးရာအကြံပေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း



**ဧပြီလ ၂၉ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအကြီးအမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်၍ ဌာနတာဝန်ခံများပါဝင်သော ဝန်ထမ်းရေးရာအကြံပေး အစည်းအဝေးကို ၂၉-၄-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ဦးစွာ ကော်မရှင်ရုံးအကြီးအမှူး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းရေးရာအကြံပေးအဖွဲ့မှ ကော်မရှင်ရုံးတွင် ခန့်အပ်ထားရှိပြီးဖြစ်သည့် ကော်မရှင်ရုံးဝန်ထမ်းများ မိမိလုပ်ကိုင်ရသည့် အလုပ်အကိုင်၊ တာဝန်ချထားသည့် ဌာနများတွင် ပျော်ရွှင်မှုရှိစေရေး၊ နုတ်ထွက်ဝန်ထမ်းများ နည်းပါးစေရေးအတွက် ဝန်ထမ်းရေးရာအကြံပေးအဖွဲ့ဝင် ဌာနတာဝန်ခံများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးအား ၁၄:၁၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

---

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



**ဧပြီလ ၂၉ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အမှတ်စဉ် (၄/၂၀၂၄) အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။


တွေ့ ဆုံ ဆ န္ဒ ဖော် ထု တ် ခြ င်း အ ခ မ်း အ နား သို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၇၉ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အာရှပစိဖိတ် လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှ ပြုလုပ်သော ဆွေးနွေးပွဲနှင့် သင်တန်းများ ပါဝင်တက်ရောက်

**မေလ ၈ ရက်**

အာရှပစိဖိတ် လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) မှ ပြုလုပ်သော ဆွေးနွေးပွဲနှင့် သင်တန်းများကို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ အရာထမ်း (၃) ဦးတို့သည် Zoom Application မှတစ်ဆင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

APF Webinar: World Autism Awareness Day 2024 ကို ၂-၄-၂၀၂၄ ရက်နေ့၌ လည်းကောင်း၊ APF Virtual Dialogue Series: Digitalization, Emerging Technologies and Human Rights ကို ၄-၄-၂၀၂၄ ရက်နေ့၌လည်းကောင်း လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်ဇင်မင်းသက်လွင်နှင့် 2024 NHRI Induction Programme သင်တန်းကို ၁၂-၄-၂၀၂၄ ရက်နေ့မှ ၈-၅-၂၀၂၄ ရက်နေ့ထိ ဦးစီးအရာရှိများဖြစ်ကြသော ဦးကောင်းခန့်ဇင်နှင့်ဒေါ်ဟေမာန်ထွန်းတို့ကလည်းကောင်း Online ဖြင့် အသီးသီး တက်ရောက်ခဲ့ကြပါသည်။




*****

# ENGLISH SECTION

Vol.3 No.5, May 2024

## Myanmar National Human Rights Commission attends the First Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum

April 4

The First Technical Working Group Meeting of the Southeast Asia National Human Rights Institutions Forum (SEANF) was held in a hybrid format by Provedor for Human Rights and Justice of Timor–Leste (PDHJ), the alternate chair of the Forum, from 3 to 4 April, 2024 in Dili, Timor–Leste.

Representatives from SEANF member National Human Rights Institutions, namely Indonesian National Commission on Human Rights (Komnas HAM), Human Rights Commission of Malaysia (SUHAKAM), Commission on Human Rights of the Philippines (CHRP), National Human Rights Commission of Thailand (NHRCT), and Provedor for Human Rights and Justice of Timor–Leste (PDHJ), attended the meeting in person. Dr. Tin Maung Maung Than, Commissioner of the Myanmar National Human Rights Commission (MNHRC), Deputy Director–General of the MNHRC's Office, Director of International Relations Division and staff joined the meeting via video conferencing.

During the meeting, various topics were discussed, including updates on major developments and activities since the 20th Annual General Meeting of the Southeast Asian National Human Rights Organizations Forum (SEANF), updates from SEANF mesmbers regarding the implementation of the (5) priority issues of 2022–2026 SEANF Strategic Plan in which they have taken lead role for respective priority area, Torture Prevention issues, updates on the activities between the ASEAN Intergovernmental Commission on Human Rights (AICHR) and SEANF, including holding a regional workshop on business and human rights and drafting the ASEAN Declaration on Environmental Rights. Moreover, discussed on cross border issues between Timor–Leste, Indonesia and Malaysia regarding Statelessness people and Trafficking in Persons. Additionally, discussed the transfer of prisoners/sentenced persons to their country of origin; Digital Rights; establishment of Inquiry Mechanisms, and discussed matters to participate in the 14th meeting of the United Nations Working Group on Aging (OEWGA).

At the meeting, Commissioner Dr. Tin Maung Maung Than presented the major developments and activities of MNHRC on promotion and protection of human rights since the 20th Annual General Meeting of the SEANF. Additionally, Deputy Director–General of the MNHRC's Office Dr Khine Khine Win shared updates on the MNHRC's implementation of "Priority 2: Promote and protect human rights in business" under the SEANF Strategic Plan (2022–2026).

The meeting reached an initial agreement to hold Second Technical Working Group Meeting of the SEANF on July 10 and 11, 2024 and the Forum's Annual General Meeting to be held on November 2024.

## The Myanmar National Human Rights Commission inspects Maubin Police Lock-ups, Court Detention Centers and Maubin Home for the Aged

April 9

The inspection team, led by U Kyaw Soe and U Kyaw Myint, members of the Myanmar National Human Rights Commission, inspected Maubin Myo Ma Police Lock-up, Court Detention Center, and Home for the Aged in Maubin Township, Ayeyarwady Region in accordance with Sections 43 and 44 of the Commission Law on 9 April, 2024.

While inspecting the police lock-up and court detention centers, the inspection team inspected the conditions during the remand period, including whether any torture occurred during the investigation, the availability of opportunities to meet with family members, the conditions of eating and drinking while appearing in court, the utilization of sewage in the lock-up, and the overall cleanliness of the facilities. Furthermore, the team inspected the acquisition of the right to meet with lawyers or legal representatives.

Then, the inspection team inspected Maubin Home for the Aged in accordance with the MNHRC Law and procedures whether the old aged persons can get fundamental human rights including healthcare services, food supply, provision of purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.

## Myanmar National Human Rights Commission Statement No. (2/2024)

April 17

On the occasion of the Myanmar New Year, the 9th Waxing of Tagu 1386 ME (17 April 2024), the Chairman of the State Administration Council, aiming to bring about peace of mind to the public and on social consideration, and seeking to foster the affection and goodwill of the state, issued State Administration Council Order No. (29/2024) which granted remission of one-sixth of the remaining sentences to be served under Section 401 (1) of the Code of Criminal Procedure except specified offenses for prisoners incarcerated in respective prisons, jails, and camps under existing laws. According to Order No. (30/2024), a total of 3303 prisoners serving sentences in respective prisons, jails, and camps were conditionally pardoned under Article 401 (1) of the Code of Criminal Procedure.

Additionally, in consideration of the friendly bilateral relations and humanitarian grounds, 8 foreign prisoners were remitted by the State Administration Council Order No. (31/2024) and 13 Indonesians and 15 Sri Lankans were remitted by Order No. (32/2024) respectively. They will be deported under Section 401 (1) of the Code of Criminal Procedure.

This action reflects the positive initiative from human rights perspective of the State Administration Council and on social consideration. They will have the opportunity to reunite with their families under this granted remission and pardon which reinforce the State's commitment

to protecting the fundamental unit of society which is the family. Moreover, we believe that they would be able to participate in any sector of State building.

The pardoning of foreign prisoners will foster mutual understanding and promote peaceful coexistence of the global family of nations.

The Myanmar National Human Rights Commission is delighted to share the joy with the relevant family members and welcomes recognition of the human rights and humanitarian endeavours.

Myanmar National Human Rights Commission

## The Myanmar National Human Rights Commission inspects Myeik Prison, Kyaukphyutaung / Natsinkone Production Camp, Police Lock-up, Court Detention Center and Training School for Girls

April 24

The inspection team, led by U Tin Aung, member of the Myanmar National Human Rights Commission, inspected Kyaukphyutaung/ Natsinkone Production Camp on 22 April, 2024 and inspected Myeik Prison and Training School for Girls in Myeik Township on 23 April, 2024 and inspected the Police Lock-up and Court Detention Center on 24 April, 2024 in Myeik Township, Tanintharyi Region in accordance with Sections 43 and 44 of the Commission Law.

The inspection team inspected Kyaukphyutaung/ Natsinkone Production Camp and the Myeik prison according to MNHRC law and procedures whether the prisoners and detainees enjoy fundamental rights, including appropriate food supply, access to healthcare and provision of adequate purified water as well as cleanliness of police lock-up and court detention centre. The inspection team inquired the prisoners in whether they received their personal items and items sent by families and whether they obtained, family visits and whether there were human rights violations and torture cases. The inspection team also privately interviewed the prisoners who wanted to meet with the team freely and privately.

The inspection team also inspected the dormitories, clinic, library, kitchen, food storage, water purifier, water sanitation system of the Myeik prison and Kyaukphyutaung/ Natsinkone Production Camp and donated books for the prisoners.

Next, the inspection team inspected the Training School for Girls in accordance with the MNHRC Law and procedures whether the girls were enjoying fundamental rights including healthcare services, food supply, adequate dormitories, status of Citizenship Scrutiny Card, provisions of purified drinking water, support programme for physical and mental development, as well as rights to education, learn, vocational trainings, communication with their families, reintegration, and had freedom of religion.

While inspecting the police lock-up and court detention centre according to MNHRC law and procedures the MNHRC team inspected the conditions during the remand period, including whether any torture occurred during the investigation, the opportunities to meet with family members, the conditions of eating and drinking while appearing in court, the utilization of sewage in the lock-up, and the overall cleanliness of the facilities. Furthermore, the team inspected the acquisition of the right to meet with lawyers or legal representatives.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.

## Conducting to put news in Newspapers

April 24

Human Rights Promotion and Education Division issued Statements for Pardon Orders No. (29/2024), (30/2024), (31/2024) and (32/2024) of the State Administrative Council on 17-4-2024. Additionally, on 3-4-2024, the division covered the topic of "International Human Rights Conventions and Domestic Laws," and on 23-4-2024, focused on "Creating a Positive Workplace: Treating Toxic Work Place Stress" as knowledge sharing and discussion. On 9-4-2024, 22-4-2024, 23-4-2024, and 24-4-2024, the division conducted to publicize in state-owned newspapers about visits and inspections at the prison, labour camp, police and court lock-ups, home for aged and vocational training school for girls in Maubin and Myeik Townships.

## Participation in webinars and training conducted by the Asia-Pacific Forum (APF)

May 8

Three Staff Officers from Human Rights Promotion and Education Division participated in the webinars and training conducted by the Asia Pacific Forum (APF) via Zoom Application.

APF Webinar: Assistant Director Daw Zin Min Thet Lwin attended the World Autism Awareness Day 2024 on 2-4-2024 and she also joined APF Virtual Dialogue Series: Digitalization, Emerging Technologies and Human Rights on 4-4-2024 via video conferencing. Furthermore, the Staff Officers U Kaung Khant Zin and Daw Hay Man Htun took part in 2024 Online NHRI Induction Programme from 12-4-2024 to 8-5-2024 respectively.

## Status of Handling Complaints

During April 2024, MNHRC received 12 Complaints on the violations addressed to the Commission and 3 complaints remained from March. The complaint investigation team held complaint screening meetings for examining the total of 15 complaints. 5 cases were referred to the relevant departments and 9 cases which were not within the competence of the Commission were put on record in accordance with the section 32(b), 32(c), 37(b) of MNHRC law and not appropriate of Complaints and 1 compliant were closed. No complaint remained in April.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
ဖုန်း- ၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm